# Information Sheet



VOLUME XI, ISSUE 26 — 26 December 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြင်ဦးလွင်ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်ပွဲတော် ကျင်းပပြုလုပ် | ၁ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ကန်စွန်းအင်းကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး | ၃ |
| ၃ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၄ |
| ၄ | ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက်လက်ခံလျက်ရှိ | ၆ |
| ၅ | တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၂၈ သန်းကျော်ရရှိ | ၈ |
| ၆ | ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်အတွင်း၌ ပြည်တွင်းခရီးသွားဧည့်သည်များ၊ အနားယူအပန်းဖြေသူများဖြင့် စည်ကား | ၈ |

# Information Sheet

## ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်ပွဲတော် ကျင်းပပြုလုပ်



ဒီဇင်ဘာလ ၂၅ ရက်တွင် ပြင်ဦးလွင်မြို့၊ ခရိုင်ပြည်သူ့အားကစားကွင်း၌ "ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်" ပွဲတော်ကို ကျင်းပခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးက စက်ဘီးစီးခရီးစဉ်ကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပါသည်။ စက်ဘီးစီးခရီးစဉ်လမ်းကြောင်းမှာ ခရိုင်ပြည်သူ့အားကစားကွင်းမှ ပွဲကောက်ရေတံခွန်၊ ပွဲကောက်ရွာ၊ ဒီဇင်ဘာခြံအထိ (၉)မိုင်ခန့် ရှည်လျားပြီး ပြည်တွင်း/ပြည်ပမှ စက်ဘီးစီးခရီးသွား (၁၅၀)ကျော် ပါဝင်ဆင်နွှဲခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာခြံ၌ ဝင်ရောက်လာသော စက်ဘီးစီးသမားများကို အမှတ်တရလည်ဆွဲတံဆိပ်များ ချီးမြှင့်ကြိုဆိုကြပြီး ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်ဖြစ်မြောက်ရေးတွင် ပူးပေါင်းပါဝင်သူများကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်ဘူတာသို့ သွားရောက်ကာ ပြင်ဦးလွင်မှ ဂုတ်ထိပ်တံတားသို့ ပြေးဆွဲခုတ်မောင်းမည့် မီးရထားခရီးစဉ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရီးစဉ်တွင် လိုက်ပါစီးနင်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများ ပြောကြားသည်။ အဆိုပါရထားခရီးစဉ်အား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပုံမှန်လိုက်ပါစီးနင်းနိုင်သည့် ဝင်ဆံ့ဦးရေ၏ ထက်ဝက်ခန့် လျှော့ချထားပြီး ခရီးသွားပြည်သူ (၁၄၀)ခန့် လိုက်ပါစီးနင်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၂-၂၀၂၁)**

- **ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်လမ်းကြောင်းမှာ ခရိုင်ပြည်သူ့အားကစားကွင်းမှ ပွဲကောက်ရေတံခွန်၊ ပွဲကောက်ရွာ၊ ဒီဇင်ဘာခြံအထိ (၉)မိုင်ခန့် ရှည်လျားပြီး ပြည်တွင်း/ပြည်ပမှ စက်ဘီးစီးခရီးသွား (၁၅၀)ကျော် ပါဝင်ဆင်နွှဲခဲ့။**
- **ပြင်ဦးလွင်-ဂုတ်ထိပ် ရထားခရီးစဉ်အား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပုံမှန်လိုက်ပါစီးနင်းနိုင်သည့် ဝင်ဆံ့ဦးရေ၏ ထက်ဝက်ခန့်လျှော့ချထားပြီး ခရီးသွားပြည်သူ (၁၄၀)ခန့် လိုက်ပါစီးနင်းခဲ့။**

## ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်ပွဲတော် ကျင်းပပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ











## စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ကန်စွန်းအင်းကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး



ဒီဇင်ဘာလ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ကန်စွန်းအင်းကျေးရွာအတွင်း၌ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန်အတွက် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ စုဝေးရောက်ရှိနေကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ် အကြမ်းဖက်သမားများနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

အဆိုပါဖြစ်စဉ်အား ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကန်စွန်းအင်း ရွာသူရွာသားများအား ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်နေကြောင်း သတင်းမှားများ ထုတ်လွှင့်ခဲ့ပါသည်။

ဖြစ်စဉ်အမှန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း အရပ်ဝတ်များဖြင့် ခိုအောင်းနေသော အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ပြီးနောက် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများအား နေအိမ်တွင် အေးချမ်းစွာပြန်လည်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းများပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၂-၂၀၂၁)**

- **အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများအား နေအိမ်တွင် အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများနှင့်ကျေးရွာသူ၊ ကျေးရွာသားများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းများပြုလုပ်ခဲ့။**

**လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာသူ/သားများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းများပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ**









## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၆၃,၉၅၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၄၂,၉၇၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၂၅ ရက် တွင် ဒုတိယအကြိမ်အဖြစ် ၁,၇၀၉ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁၁၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၂၅ ရက် အထိ ကျောင်းသား/သူစုစုပေါင်း ၁,၄၇၀,၃၀၂ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရထောက်ပံ့မှုဖြင့် ၁ ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၂၀ လုံးထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒီဇင်ဘာလ ၂၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့။
- “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ပြည်နယ်အစိုးရထောက်ပံ့မှုဖြင့် ၁ ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၄၀ လုံးထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံ



**“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ အောက်စီဂျင်စက်ရုံဖွင့်ပွဲပြုလုပ်နေမှု**

ကို ဒီဇင်ဘာလ ၂၂ ရက်တွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖွင့်လှစ်ပေးခဲ့။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- ဒီဇင်ဘာလ ၁ ရက်မှ ၂၅ ရက်အတွင်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းရာ၌ ကုမ္ပဏီ ၈၃ ခုမှ ယာဉ် ၁၉၀ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၃၀၄ တန်၊ အောက်ဆီဂျင် (ဓါတ်ငွေ့) အိုးဖြင့် ၂ တန်၊ အောက်ဆီဂျင်(အရည်)Storage Container/Tank ၂ ခု၊ အောက်ဆီဂျင်အရည် Distributor ၂ ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၃,၀၀၁ ခု၊ Oxygen Plant ၃ ခု၊ အိမ်သုံးအောက်ဆီဂျင်စက်(Oxygen Concentrator) ၅၈၁ ခု၊ Covid Test Kit ၁,၉၅၇ ခု၊ PPE ဝတ်စုံ ၁၅,၂၈၀၊ လက်အိတ် ၃၂ တန်နှင့် နှာခေါင်းစည်း (Mask) ၁,၀၃၉ တန် တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၅ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀,၉၀၀ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၆ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၆၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၅-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၉၇၃,၈၂၃ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၉,၅၀၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၅၁ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၂-၂၀၂၁)**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၆၃,၉၅၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၄၂,၉၇၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **၂၅-၁၂-၂၀၂၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၄၇၀,၃၀၂ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **၂၅-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၅,၉၇၃,၈၂၃ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၉,၅၀၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၅၁ ဦးဖြစ်ပြီး ၂၅-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၆၁ ရာခိုင်နှုန်းရှိ။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံများ



မြိတ်မြို့နယ်အတွင်းရှိ ပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



ရခိုင်ပြည်နယ်၊ မြို့နယ်အသီးသီးရှိ ပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



တာမွေမြို့နယ်အတွင်းရှိ ပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



ပွင့်ဖြူမြို့၌ အောက်စီဂျင်စက်ရုံဖွင့်လှစ်လည်ပတ်နေမှုအား
တာဝန်ရှိသူများက ကြည့်ရှုနေမှု

---

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက်လက်ခံလျက်ရှိ

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်အထိ-

- ကချင်ပြည်နယ်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၂၇၆ ဦး၊
- ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၂၀၆ ဦး၊
- တနင်္သာရီတိုင်းဒေသကြီး၊ ထီးခီးနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၃၆ ဦး၊
- ရှမ်းပြည်နယ် ဝမ်ပုံနယ်စပ်ဂိတ်၊ မူဆယ်နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်တို့မှ ပြန်လည်ဝင်ရောက်လာသူ ၉၃၃ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များဆောင်ရွက်

ပေးခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးလျက် ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၂၅-၁၂-၂၀၂၁ ရက်အထိ ၅၆,၉၈၁ ဦး ပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၂-၂၀၂၁)**

**ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျလက်ခံနေသည့် မှတ်တမ်းဓာတ်ပုံများ**











- **ဒီဇင်ဘာလ ၁၉ ရက်မှ ၂၅ ရက်အထိ ပြည်ပနိုင်ငံများမှ နေရပ်ပြန်သူစုစုပေါင်း ၁,၄၅၁ ဦးတို့သည် ကန်ပိုက်တီ၊ မြဝတီ၊ ထီးခီး၊ မူဆယ်နှင့် လောက်ကိုင် နယ်စပ်ဂိတ်များမှ တစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၂၅-၁၂-၂၀၂၁ ရက်အထိ ၅၆,၉၈၁ ဦး ပြန်လည်ဝင်ရောက်လာခဲ့။**

## တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၂၈ သန်းကျော်ရရှိ




ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်၌ ဒီဇင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ တစ်ပတ်တာကာလအတွင်း Myanmar Citizens Bank Co.,Ltd.(MCB)မှလွဲ၍ ကျန်စာရင်းဝင်ကုမ္ပဏီ ၆ ခု၏ စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ် ၂၈ သန်းကျော် ရရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏စာရင်းအရ သိရှိရပါသည်။

ဒီဇင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ တစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ အရောင်းအဝယ်ပြုလုပ်မှုအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းကုမ္ပဏီ ၆ ခု ဖြစ်သော First Myanmar Investment Public Co.,Ltd.(FMI)၊ Myanmar Thilawa SEZ Holdings Public Co.,Ltd.(MTSH)၊ First Private Bank Co.,Ltd.(FPB)၊ TMH Telecom Public Co.,Ltd.၊ Ever Flow River Group Public Co.,Ltd.(EFR)၊ AMATA Holding Public Co.,Ltd.များက စုစုပေါင်း စတော့ရှယ်ယာအစောင်ရေ ၈,၈၇၅ စောင်မှ ငွေကျပ် ၂၈,၅၈၁,၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၂-၂၀၂၁)**

- **ဒီဇင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ တစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီ ၆ ခုက စုစုပေါင်းစတော့ရှယ်ယာအစောင်ရေ ၈,၈၇၅ စောင်မှ ငွေကျပ် ၂၈,၅၈၁,၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့။**

---

## ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်အတွင်း၌ ပြည်တွင်းခရီးသွားဧည့်သည်များ၊ အနားယူအပန်းဖြေသူများဖြင့် စည်ကား

ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ သမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အဦများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ များပြားစွာ လာရောက်လျက်ရှိပါသည်။

- သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦး ဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ ဧရာဝတီမြစ်တစ်ဘက်ကမ်းရှိ ပခုက္ကူမြို့နယ်၊ တန့်ကြည်တောင် စွယ်တော်မြတ်စေတီ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊



**ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် စည်ကားနေမှု**

စူဠာမဏိဘုရားများအား ပြည်တွင်းခရီးသွား ဘုရားဖူး ဧည့်သည်များက လာရောက်ဖူးမြော်လျက်ရှိ။

- ခရစ္စမတ်အားလပ်ရက်ကာလတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ သမိုင်းဝင်ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများတွင် ဘုရားဖူးလာရောက်သူဦးရေ ၃,၀၀၀ ကျော် စည်ကားလျက်ရှိ။
- ရန်ကုန်မြို့၊ ပြည်လမ်း၊ အင်းလျားကန်ပေါင်တွင် လမ်းလျှောက်အပန်းဖြေသူများ၊ အားကစားပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အများပြည်သူ ရုံးပိတ်ရက် အားလပ်ချိန်များတွင်လည်း လူကြီးလူငယ်များနှင့် မိသားစုများ လာရောက်အပန်းဖြေလျက်ရှိ။
- ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ။

ဒီဇင်ဘာလ ရုံးပိတ်ရက်ကာလတွင်း နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် လာရောက်ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ ပန်းခြံများ၊ ကမ်းခြေများနှင့် ကလေးကစားကွင်းများတွင်လည်း မိသားစုလိုက်လာရောက် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၂-၂၀၂၁)**

- **ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၌ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလျားကန်ပေါင်နှင့် ချောင်းသာကမ်းခြေတို့တွင် ဘုရားဖူးဧည့်သည်များနှင့် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိ။**


## ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်အတွင်း၌ အပန်းဖြေနေရာများတွင် ပြည်တွင်းခရီးသွားဧည့်သည်များ၊ အနားယူအပန်းဖြေသူများဖြင့် စည်ကားနေသည့် မှတ်တမ်းဓာတ်ပုံများ



အင်းလျားကန်ပေါင်



မဟာဗန္ဓုလပန်းခြံ



Time City ဈေးဝယ်စင်တာ



ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ



ချောင်းသာကမ်းခြေ



ငွေဆောင်ကမ်းခြေ